# ယေရှုက ဘယ်သူလဲ

“ငါတို့သည် ကိုယ်အကြောင်းကို ဟောပြောကြသည်
မဟုတ်။ ယေရှုခရစ်သည် သခင်ဖြစ်တော်
မူကြောင်းကို လည်းကောင်း၊ ငါတို့သည်
ယေရှုအတွက် ကျွန် ဖြစ်ကြောင်းကိုလည်းကောင်း
ဟောပြောကြ၏။”
(၂ ကောရိန္သုဩဝါဒစာ ၄:၅)

Peter Walker

**www.1peter1three.weebly.com**

ဒေါ်လှလှဝင်းမှ ဘာသာပြန်ဆိုသည်။

ကျွန်တော်သည် ဒီစာအုပ်ငယ်ကို စာဖတ်သူ သင့်အတွက် ရည်စူးထားသည်။ ယေရှုခရစ်တော်အကြောင်းကို ဝေမျှခွင့်ပေးသောကြောင့် သင့်ကို ကျွန်တော် ကျေးဇူးတင်ပါသည်။

ကျွန်တော့်မှာ ကျမ်းစာနှင့်ပတ်သက်၍ နည်းလမ်းတကျ သင်ယူခဲ့ခြင်းမရှိသလို၊ ဓမ္မပညာဆိုင်ရာအကြောင်းအချက်များစွာနှင့် ပတ်သက်၍လည်း အလွန်ရှင်းလင်း ပြတ်သားသည့် ရပ်တည်ချက် မရှိပါ။ သို့သော်၊ ကျွန်တော်သည် ယေရှုနောက်လိုက်သူတစ်ဦးဖြစ်ပြီး၊ နှုတ်ကပတ်တော် သမ္မာကျမ်းစာကို ချစ်မြတ်နိုးသည်။ ယုံကြည်ချက်တစ်ချို့ကို ကျွန်တော်ဝေမျှပါရစေ။

နိဒါန်း

“ယေရှုက ဘယ်သူလဲ” ဆိုသည့် မေးခွန်းကို သင် မေးနေပါက၊ အလွန်ကောင်းသောနေရာ၌ အမှန်တကယ် သင် ရောက်ရှိနေသည်။

သင်သည် ဘုရားသခင်အပေါ် အမျက်ထွက်ကောင်း ထွက်နေနိုင်သည်။ သို့မဟုတ် ယခုအချိန်၌ သင်သည် ဘုရားသခင်ကို မယုံကြည်ဘဲရှိနေနိုင်သည်။ သို့မဟုတ် ဘုရားသခင်ကို သင် ယုံကြည်သော်လည်း၊ စိတ်ထိခိုက်နေရသည်။ သင်က အစ္စလမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ သို့မဟုတ် အခြားဘာသာတစ်ခုခုကို ကိုးကွယ်သူ ဖြစ်ကောင်းဖြစ်နိုင်သည်။ သင်ကိုယ်တိုင် မဖော်ပြနိုင်သည့် နေရာတစ်ခုခု၌ သင် ရှိကောင်းရှိနေနိုင်သည်။ မိတ်ဆွေ၊ သင် မည်သို့ ခံစားနေရသည်ဖြစ်စေ၊ မည်သည့် နေရာ၌ ရှိနေသည်ဖြစ်စေ၊ သမ္မာကျမ်းစာ အစမှအဆုံးအထိရှိသော ဘုရားသခင်က သင့်ကို ကြိုဆိုလျက်ရှိသည်၊ “ယေရှုက ဘယ်သူလဲ” ဟု မေးရန် သင့်ကို ‘တောင်းဆို’လျက်ပင် ရှိသည်။

ကျွန်တော် မဖြေနိုင်သည့်မေးခွန်း၊ မဖြေသည့် မေးခွန်းများစွာ သင့်ထံ၌ ရှိနိုင်သည်။ ဤစာအုပ် ငယ်တွင် ကျွန်တော်သည် ယေရှုကို 'ယုံကြည်သူ' တစ်ဦးအဖြစ်ဖြင့်သာ ကျွန်တော်၏ ယုံကြည်ချက် တစ်ချို့ကို ဝေမျှထားခြင်းဖြစ်ပါသည်။ ကျွန်တော် ကိုးကားထားသည့်အရာများမှာ ကျွန်တော့်၏ ယုံကြည်ခြင်း၊ သမ္မာကျမ်းစာနှင့် ဘုရားသခင်၏ ဝိညာဉ်တော်တို့ဖြစ်ပါသည်။

ဖဖဲအုပ် စုပေါင်းပါရှိသော သမ္မာကျမ်းစာသည် ဘုရားသခင် မှုတ်သွင်းတော်မူခဲ့ခြင်း ဖြစ်ကြောင်းကို ကျွန်ုပ်တော် ယုံကြည်သည်။ ကောင်းမြတ်သည့် (သို့) 'စစ်မှန်သည့်' အရာမှန်သမျှကဲ့သို့၊ လူတို့က သမ္မာကျမ်းစာကို နားလည်လွဲနိုင်သည်၊ မှားယွင်းစွာ အသုံးပြုနိုင်သည်၊ သံသယရှိနိုင်သည်။ သို့သော်၊ သမ္မာကျမ်းစာကို အသုံးပြုရာတွင် လူသား၏ အားနည်းချက်များရှိသော်လည်း၊ သမ္မာတရားကို အမှန်အကန် ရှာဖွေသူအတွက် သမ္မာကျမ်းစာသည် ဘုရားသခင်၏ ယုံကြည်စိတ်ချရသော အရင်းအမြစ် ဖြစ်ဆဲပင်ဖြစ်သည်။ သမ္မာကျမ်းစာကို နားလည်လွယ် စေရန် 'ကျောင်းပညာမတတ်သော' သူတို့က ရေးသားထားသည်။ သမ္မာကျမ်းစာတွင် ဘုရား သခင်သည် မိမိကိုယ်ကို ဖုံးကွယ်ထားခြင်း မရှိဘဲ၊ ကျွန်ုပ်တို့ကို ကိုယ်တော်တိုင် ထင်ရှားပြသတော်မူ ခဲ့သည်။

အရေးအကြီးဆုံးမေးခွန်းဖြစ်သည့် **'ယေရှုက ဘယ်သူလဲ'** ဆိုသည့် မေးခွန်းနှင့်ပတ်သက်သည့် ကျွန်တော့် ယုံကြည်ချက်တို့ကို သင့်အတွက် ဖော်ပြ ပါရစေ။

## *ယေရှုက ဘယ်သူလဲ*

'ထာဝရဘုရား ကယ်တင်တော်မူသည်' ဟု အဓိပ္ပါယ် ရှိသော ယေရှုခရစ်တော်သည် လူ့အသွင်ခံယူထားသည့် ဘုရားသခင်ဖြစ်တော်မူကြောင်း ကျမ်းစာက ကျွန်ုပ်တို့ကို သွန်သင်ထားသည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ ကိုယ်တိုင်သိကျွမ်းရန်နှင့် ဘုရားသခင်နှင့် လုံးလုံး ဆက်သွယ်နိုင်ရန်အတွက် ဘုရားသခင်သည် လူသားအဖြစ်ကို ခံယူရန် ကောင်းကင်မှ ဆင်းသက်တော်မူခဲ့သည်။

ယေရှုသည် လူ့ဇာတိခံယူထားသည့် ဘုရားသခင်ဖြစ်တော်မူသည်။ ကိုယ်တော်သည် ကျွန်တော်တို့၏ အပြစ်ကို ခွင့်လွှတ်ရန်နှင့် ကျွန်ုပ်တို့ကို ထာဝရအသက်ပေးတော်မူရန် ဆင်းသက်ကြွလာတော်မူခဲ့သည်။ ထိုအရာမှာ ယေရှုက 'အဘယ်သူ' ဖြစ်ကြောင်းနှင့် 'အဘယ်ကြောင့်' မြေကြီးပေါ်သို့ ဆင်းသက်လာရသည့် အကြောင်းအရင်း ဖြစ်သည်။

## ***ဗျာဒိတ်တော်***

၎င်းသည် နားလည်ရန် မဖြစ်နိုင်သော၊ အလွန်နက်နဲသည့် သမ္မာတရားဖြစ်ကြောင်း သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို ဖော်ပြထားသည်။ ကျွန်ုပ်တို့ကို ကယ်တင်ရန်အတွက် ဘုရားသခင်က လူ့အသွင်ဆောင်ရန် ဆင်းသက်လာသည် ဆိုသည့် ထိုသမ္မာတရားကို ကျွန်ုပ်တို့ 'ဆုပ်ကိုင်နားလည်ရန်' မဖြစ်နိုင်ပေ။ ကျွန်တော်တို့ ထိုအရာကို 'နားမလည်' နိုင်ပေ။ ၎င်းသည် ကျွန်တော်တို့အတွက် အလွန်နက်နဲသည်။ မှန်ပါသည် – ထိုအံ့ဖွယ်သော သမ္မာတရားသည် ကျွန်တော်တို့၏ အသိဉာဏ်နှင့် အံကျအောင် စီစဉ်ထားသည့်အရာ မဟုတ်ကြောင်းကို သမ္မာကျမ်းစာက ဖော်ပြထားသည်။

ယေရှုခရစ်တော်တည်းဟူသော ဘုရားသခင်၏ ထိုသမ္မာတရားသည် 'နာမ်ဝိညာဉ်နှင့် သမ္မာတရား' ဖြစ်ပြီး၊ အသိဉာဏ်၏ 'နားလည်ခြင်း' အားဖြင့်

ကျွန်ုပ်တို့ထံ ဆင်းသက်လာသည် မဟုတ်ဘဲ၊ ‘ဗျာဒိတ်တော်’ အားဖြင့် ကျွန်တော်တို့၏ ဝိညာဉ်နှင့် စိတ်နှလုံးအတွင်းသို့ ဆင်းသက်လာသည်။

ကျွန်တော်နှင့် များစွာသောသူတို့ကဲ့သို့၊ သင်သည် ဘုရားသခင်ကို ‘နားလည်ရန်’ (သို့) ကျွန်တော်တို့၏ အသိဉာဏ်နှင့်သိရန် ကြိုးစားမည်ဆိုပါက၊ ကျွန်ုပ်တို့၏ ဝိညာဉ်နှင့် စိတ်နှလုံးကို ဦးဆောင် ခွင့်ပေးရန် အလွန်ခက်ခဲလိမ့်မည်။ သို့သော်၊ *သူငယ်ချင်းများ၊ မိသားစု၊ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း၊ အပြစ်ခွင့်လွှတ်ခြင်း၊ သနားကြင်နာခြင်း အစရှိသည့်* ဘဝတွင် သင့်အတွက် တန်ဖိုးရှိသော အရာတိုင်းသည် အသိဉာဏ်အတွက် ‘အမှန်တရားများ’ မဟုတ်ဘဲ၊ စိတ်နှလုံးနှင့် ဝိညာဉ်အတွက် ဖြစ်ကြောင်း သင်သိသည်။ အမှန်မှာ အကြောင်းကိစ္စအများစုတွင်၊ ကျွန်တော်တို့သည် ‘နှလုံးသား၏အမှန်တရား’ (သို့) ဆက်ဆံရေးတစ်ခုကို ကျွန်တော်တို့၏ အသိစိတ်၊ နားလည်မှုတို့အားဖြင့် ထိခိုက်နာကျင်၊ ပျက်စီးစေတတ်ကြသည်။ ***စိတ်နှလုံးကို အုပ်စိုးရန် သင့် ‘အသိဉာဏ်’ကို ခွင့်ပြုခဲ့ပြီး၊ ထိုသို့ပြုခဲ့မိသည်ကို နောင်တ***

***ရခဲ့ဖူးပါသလား။*** ကျွန်တော်တို့၏ သေးငယ် သည့် အသိဉာဏ် (သို့) ခန့်မှန်း၍မရနိုင်သည့် 'နားလည်ခြင်း'တွင် ဘုရားသခင်က 'ဆံ့ဝင်' နိုင်ပါက၊ ကိုယ်တော်သည် အလွန်သေးငယ်သော ဘုရားဖြစ်လိမ့်မည်။

'ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ကိုးကွယ်ရမည်' ဟု သမ္မာကျမ်းစာ၌ ဖော်ပြထားသည်။ ယေရှုကိုယ်တော်တိုင်က ကိုယ်တော်၏ နှုတ်တော်ထွက်စကားများနှင့် ဗျာဒိတ်တော်နှင့်ပတ်သက်၍ 'ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။' ဟု မိန့်တော်မူခဲ့သည်။

***ယေရှု၏ သမ္မာတရားသည် သင့်အသိဉာဏ်ကို စိန်ခေါ်နေသော်လည်း၊ သင့် စိတ်နှလုံးတံခါးကို ခေါက်နေသည်ဟု သင်ခံစားခဲ့ဖူးပါသလား။***

## ***ခရစ်တော်၏ သတင်းစကား***

လူတို့၏ ‘ယုံကြည်ချက်’အတွက် ယေရှုက တောင်းဆိုခဲ့သည့်နည်းလမ်းမှာ စိတ်ဝင်စားစရာ ကောင်းသည်။ ကိုယ်တော်က ငွေကြေးနှင့် စည်းစိမ်ပေးကာ တောင်းဆိုခဲ့သည် မဟုတ်ပါ။ ဓမ္မပညာဆိုင်ရာ မေးခွန်းများ၏ အဖြေပေးခြင်း အားဖြင့်လည်း မဟုတ်ပါ။ ‘ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။ ငါ့ကိုယုံကြည်သော သူသည် ကျမ်းစာ လာသည်အတိုင်း အသက်ရေ ထွက်ရာ စမ်းရေတွင်း ဖြစ်လိမ့်မည်’ ဟု ကိုယ်တော် မိန့်တော်မူခဲ့သည်။ ယေရှုက ကျွန်ုပ်တို့ကို ‘ရေငတ်’ ပါသလားဟု မေးကာ၊ ‘အသက်ရေ’ကို ပေးမည်ဟု ကတိပေးတော်မူခဲ့သည်။ ၎င်းက ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ စီးပွားရေးနှင့် မ‘ကိုက်ညီ’ပါ၊ ၎င်းက ကျွန်တော်တို့၏ အသိဉာဏ်နှင့် မ‘ကိုက်ညီ’ပါ။ သို့သော် ၎င်းသည် ကျွန်တော်တို့၏ အတွင်းစိတ် ဝိညာဉ်ထဲသို့ နက်ရှိုင်းစွာ စီးဆင်းသွားကာ၊ သာ၍ ကောင်းသောအရာအတွက် ကျွန်တော်တို့၏ လိုအပ် ချက်ကို ဖြည့်ဆည်းပေးပုံရသည်။

*'သင် ရေငတ်နေပါသလား' ဆိုသည့် ယေရှု၏ မေးခွန်းကို သင့်စိတ်ဝိညာဉ်က ခံစားနားလည် ပါသလား။*

သို့မဟုတ် ဥပမာအားဖြင့် ယေရှုက လူအုပ်ကြီးထံသို့ လှည့်ကာ 'ဝန်လေးပင်ပမ်းသောသူ ရှိပါသလား' ဟု မေးပြီး၊ 'ချမ်းသာခြင်း' တစ်မျိုးပေးမည် ဟု ကတိပေးတော်မူခဲ့သည်။

ယေရှုက နိမိတ်လက္ခဏာများကို ပြုတော်မူခဲ့ပြီး၊ ထိုနိမိတ်လက္ခဏာများအတွက် တိကျသော ရည်ရွယ်ချက်ရှိခဲ့သည်။ နိမိတ်လက္ခဏာများကို ပြုတော်မူရသည့် ရည်ရွယ်ချက်မှာ ကိုယ်တော်၌ အပြစ်လွှတ်နိုင်သော အခွင့်အာဏာရှိကြောင်း ကျွန်တော်တို့အားလုံး နားလည်ရန်အတွက် ဖြစ်ကြောင်း ယေရှုက လူအုပ်ကြီးကို တခါက မိန့်တော်မူခဲ့သည်။ လူတစ်ချို့အသက်တာ တဒင်္ဂ ကောင်းစားရန်အတွက်သာ ယေရှုက နိမိတ်လက္ခဏာပြုခဲ့ခြင်း မဟုတ်ပါ။ ကျွန်တော်တို့၏ အပြစ်ကို ခွင့်လွှတ်နိုင်သည့် ကိုယ်တော်၏ အခွင့်တန်ခိုးကို ကျွန်တော်တို့ သိနားလည်ရန်နှင့် 'ကျွန်တော်တို့၏ နာမည်များ

ကောင်းကင် စာရင်း၌ ဝင်ရန်' အတွက် ကိုယ်တော်က နိမိတ်လက္ခဏာများကို ပြုတော်မူခဲ့ခြင်းဖြစ်သည်။

***သို့ဖြစ်လျှင်၊ ကိုယ်တော်၏ သတင်းစကားမှာ အဘယ်နည်း။ ထို 'အသက်၊' ထို 'ချမ်းသာခြင်း၊' ထို 'အသက်ရေ'ကို ကျွန်ုပ်တော်တို့၏ စိတ်ဝိညာဉ်တွင် မည်သို့ ရရှိနိုင်သနည်း။***

အောက်ပါတို့မှာ အမှန်တကယ်နှင့် ပုဂ္ဂိုလ်ရေးအရ ယေရှု၏ သတင်းစကား အသက်ဝင်လာသည့် နေရာပင်ဖြစ်သည်။

ယေရှုက 'ငါသည် တံခါးပေါက်ဖြစ်၏။ မည်သူမဆို ငါ့အားဖြင့်ဝင်လျှင် ကယ်တင်ခြင်းခံရမည်။' ဟု မိန့်တော်မူခဲ့သည်။ ယေရှုက ဘုရားသခင် အကြောင်း မသွန်သင်ခဲ့ပါ၊ ယေရှုက ဘုရားသခင်ကို သိကျွမ်းရန် အတွက် <u>ကျွန်ုပ်တော်တို့ကို ကိုယ်တော့်ထံသို့ ဖိတ်ခေါ်</u> တော်မူခဲ့သည်။ ယခုအချိန်၌ သင့်အသက်တာရှိ အနက်ရှိုင်းဆုံးအရာမှာ 'တစ်စုံတစ်ဦး' ဖြစ်ပြီး တစ်စုံတစ်ခု (သို့) အယူအဆတစ်ချို့မဟုတ်ပါ။ ထို အကြောင်းကို တခဏ စဉ်းစားပါ။ ***အဆုံးတွင် သင့်***

*အတွက် တန်ဖိုးအရှိဆုံးအရာမှာ အဘယ်အရာနည်း။*
ထိုအရာမှာ လူပုဂ္ဂိုလ်ဖြစ်ကြောင်း ကျွန်တော် အာမခံနိုင်သည်။ ဘုရားသခင်သည် ထိုနည်း တူဖြစ်သည်။ သင့်အတွက် ဘုရားသခင်၏ အနက် ရှိုင်းဆုံးသော သမ္မာတရားမှာ ကိုယ်တော်တိုင်ပင် ဖြစ်သည်။ လူသားအသွင် ခံယူရသည့် ကိုယ်တော်၏ ရည်ရွယ်ချက်မှာ သင်နှင့်ကျွန်တော် ကိုယ်တော်ကို အမှန်တကယ် တွေ့မြင်၊ ထိတွေ့ပြီး၊ သိရှိရန် ဖြစ်သည်။ အမှန်မှာ ယေရှုအတွက် ပေးထားသည့် အမည်နာမတစ်ခုမှာ 'ဧမာနွေလ' ဖြစ်သည်။ ထိုအမည်၏ အဓိပ္ပါယ်မှာ 'ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်' ဖြစ်သည်။ လူ့အသွင် ခံယူထားသော ဘုရားသခင်ဖြစ်သည့် ယေရှုသည် ယခုမှစ၍ ထာဝရကာလတိုင် ကျွန်ုပ်တို့နှင့် အတူရှိရန် ဆင်းကြွလာခြင်း ဖြစ်သည်။

*ဘုရားသခင်ကို ကိုယ်တိုင်ကိုယ်ကျ သင် သိရှိလိုပါ သလား။*

## ***ယုံကြည်မှု***

ယေရှုက ကိုယ်တော်ကို 'ယုံကြည်'ရန် ကျွန်ုပ်တို့ကို တောင်းဆိုလျက်ရှိသည်။ ၎င်းသည် ကိုယ်တော် လူတို့နှင့်အတူရှိစဉ်က ကိုယ်တော်၏ ဖိတ်ခေါ်ချက် ဖြစ်ခဲ့ပြီး၊ သူတို့က ကိုယ်တော့်ကို 'မြင်တွေ့' နိုင်ခဲ့သည်။ *သူတို့က ကိုယ်တော်ကို 'မြင်တွေ့'နိုင်ခဲ့ပါက၊ ကိုယ်တော်ကို 'ယုံကြည်'ရန် အဘယ်ကြောင့် အသားပေးခဲ့သနည်း။* 'ယုံကြည်ခြင်း'နှင့်ပတ်သက်၍ ကျွန်တော်စိတ်ထဲ၌ အကြောင်းအရာနှစ်ခု ဖြစ်ပေါ် လာသည်။

၁။ ***မိတ်ဆွေစစ်က သင့်ကို ယုံကြည်သည်။***

သင့်အတွက် မဟုတ်သည့် 'မိတ်ဆွေ' ဟု ခေါ်သောသူ သင်၌ ရှိခဲ့ဖူးပါသလား။ ထိုသူက သင့်ကို မြင်တွေ့ပြီး သိသည်၊ သင် သူ့အနား တွင်ရှိသည့် အခါတိုင်း သင်ရှိကြောင်း သူသိသည်၊ သင်နှင့် 'ဆက်ဆံရေး'ရှိသည်၊ သို့သော် သင့်ကို 'ယုံကြည်ခြင်း' မရှိပေ။ အမှန်မှာ ထိုသူသည် သင့်အတွက် သူ၏စိတ်နှလုံး တစ်စိတ်တစ်ပိုင်းကို

ပိတ်ထားခဲ့သည်။ ***ဆက်ဆံရေးတွင် ထိုခံစားမှု၊ ထိုအတွေ့အကြုံကို သင် ဆက်စပ်နားလည်နိုင်ပါသလား။***

လူ့ဇာတိခံယူထားသော ဘုရားသခင်ဖြစ်သည့် ယေရှုသည် 'ကျွန်ုပ်တို့နှင့်အတူ' ရှိရန်အတွက် ဆင်းကြွလာခဲ့သည်။ ကိုယ်တော်၏ အမည်နာမဖြစ်သည့် 'ဧမာနွေလ'၏ အဓိပ္ပါယ်မှာ 'ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်' ဖြစ်သည်။[1] သင် ကိုယ်တော့်ကို 'အသိအမှတ်ပြု' သည်ကိုသာ ယေရှုက အလိုမရှိပါ၊ ကိုယ်တော်သည် သင့်နှင့် ချစ်ခြင်းမေတ္တာနှင့် 'ယုံကြည်မှု'ရှိသည့် ဆက်နွယ်မှုရရှိရန် ကြွဆင်းလာတော်မူခဲ့ခြင်းဖြစ်သည်။

*<u>တစ်ဦးနှင့်တစ်ဦးယုံကြည်ခြင်းသည် စစ်မှန်သော မိတ်ဆွေဖြစ်ခြင်း၏ အသက်သွေးကြောဖြစ်သည်။</u>*

*'သင်တို့ကို အဆွေဟူ၍ငါခေါ်၏'* ဟု ယေရှုမိန့်တော်မူခဲ့သည်။ 'ကိုယ်အဆွေတို့အဖို့အလိုငှာ

---

[1]ဟေရှာယအနာဂတ္တိကျမ်း ၇:၁၄၊ ရှင်မဿဲခရစ်ဝင် ၁:၂၃

ကိုယ်အသက်ကို စွန့်ခြင်းမေတ္တာထက် သာ၍ မြတ်သောမေတ္တာ...မရှိ။' ဟုလည်း ယေရှုက မိန့်တော်မူခဲ့သည်။[2]

၂။ *မြင်တွေ့ရခြင်းက ယုံကြည်ခြင်း* *__မဟုတ်ပါ။__*

ယေရှု မြေကြီးပေါ်၌ ရှိစဉ်က၊ များစွာသော သူတို့သည် ကိုယ်တော်၏ တန်ခိုးကို မြင်တွေ့ခဲ့ သော်လည်း၊ ကိုယ်တော်ကို ယုံကြည်ခဲ့ခြင်းမရှိပါ။ ကျွန်တော်ကဲ့သို့ သင်သည် *"ယေရှုကို တကယ် 'မြင်တွေ့' နိုင်မှဘဲ..."* ဟူ၍ တခါတရံ ဆန္ဒရှိ ပေမည် (သို့) ပြောကောင်းပြောလိမ့်မည်။ အမှန် တရားမှာ ကိုယ်တော်ကို အသွေးအသားနှင့် မြင်တွေ့ခဲ့ရပြီး၊ ကိုယ်တော်၏ အံ့သြဖွယ်သော တန်ခိုးတော်ကို မျက်မြင်တွေ့ခဲ့သည့် များစွာ သောသူတို့သည် ကိုယ်တော်ကို ယုံကြည်ခြင်း *မရှိခဲ့ပေ။* အမှန်မှာ ကိုယ်တော် နိမိတ်လက္ခဏာ ပြုခဲ့သည့် အကြိမ်များစွာတွင် လူတို့က ကိုယ်တော့်ကို *ဆန့်ကျင့်*ခဲ့ကြသည်။ နောက်ဆုံး၌

---

[2]ယောဟန် ၁၅:၁၃–၁၅

ကိုယ်တော်ကို 'မြင်တွေ့'ခဲ့သော *သူတိုင်း၊* ကိုယ်တော် မိန့်တော်မူသည့်အရာကို ကြားခဲ့သော၊ ကိုယ်တော်နှင့်အတူ သွားလာခဲ့သော၊ ကိုယ်တော်၏ နိမိတ်လက္ခဏာတို့ကို နှစ်သက်မွေ့လျော်ခဲ့သော သူတို့သည် ကိုယ်တော့်ကို လှျို့ဝှက်ပူးပေါင်း ကြံစည်ခဲ့ကြသည် သို့မဟုတ် ကိုယ်တော့်ကို စွန့်ပစ်ခဲ့ကြသည်။ ကိုယ်တော့်ကို 'မြင်တွေ့'ခဲ့သောသူတိုင်း၏ အလယ်၌ မနက်ခင်းအလင်းအောက်တွင် ကိုယ်တော် အသတ်ခံခဲ့ရသည်။

ထို့ကြောင့် ယေရှုက ကျွန်ုပ်တို့ကို 'ယုံကြည်ခြင်း' သို့ ဖိတ်ခေါ်တော်မူခြင်းဖြစ်ပြီး၊ 'အမြင်'သို့ မဖိတ်ခေါ်ခဲ့ပါ။ လူက ကိုယ်တော်ကို မြင်တွေ့ခဲ့သောအခါ၊ ကိုယ်တော့်ကို သတ်ခဲ့ကြသည်။ ကျွန်ုပ်တို့၏ မျက်စိနှင့် မြင်တွေ့ခဲ့သည့်အရာနောက်လိုက်ပြီး၊ ထိုအရာအပေါ် သစ္စာရှိရန် ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချ၍ မရပါ။ ကျွန်ုပ်တို့သည် တပည့်တော်များကဲ့သို့ အချိန်ကာလ တစ်ခုအထိ သစ္စာ ရှိနိုင်သော်လည်း၊

တစ်ချိန်ချိန်တွင် ကျွန်ုပ်တို့၏ မျက်စိ၊ ကျွန်ုပ်တို့၏ အသိစိတ်၊ ကျွန်ုပ်တို့၏ စိတ်နှလုံးတို့က ကျွန်ုပ်တို့ကို ကျဆင်းစေပြီး၊ ကျွန်ုပ်တို့ အဆုံးထိ ဆက်မလိုက်တော့ပေ။ တစ်ချိန်က မြင်တွေ့ခဲ့ပြီး ချစ်မြတ်နိုးခဲ့သည့်အရာကို ကျွန်ုပ်တို့ ဆန့်ကျင်လာနိုင်သည်။

*'မမြင်ဘဲလျက်ယုံကြည်သောသူတို့သည် မင်္ဂလာရှိကြ၏'* ဟု ယေရှုက သောမကို မိန့်တော်မူခဲ့သည်။

မြေကြီးပေါ်၌၊ ယေရှုက ကျွန်ုပ်တို့၏ စိတ်နှလုံး မျက်စိဖြင့် 'မြင်တွေ့' ကာ၊ ယုံကြည်စေလိုသည်။ ဆိုလိုသည်မှာ *လက်ခံ၊ နောက်လိုက်၊ နာခံ၊ ကိုးကွယ်*စေလိုခြင်းဖြစ်သည်။ ယေရှုက သင်နှင့် *စစ်မှန်သော* ဆက်နွယ်မှု၊ မိတ်ဆွေဖြစ်ခြင်းကို အလိုရှိတော်မူသည်။ တနေ့တွင် ကျွန်ုပ်တို့သည် ဘုန်းတော်ကို ဝင်စားရလိမ့်မည်။ ထိုနေရာတွင် ကျွန်ုပ်တို့၏ မျက်စိတို့သည် စင်ကြယ်ပြီး၊ ကျွန်ုပ်တို့၏ စိတ်နှလုံးတို့သည် တည်ကြည်လိမ့်မည်။ ထို့အပြင် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို 'မျက်နှာ

ချင်းဆိုင်’ မြင်တွေ့ရလိမ့်မည်။ သို့သော် ယခု မူကား ယုံကြည်ခြင်းသို့ ဖိတ်ခေါ်ခြင်းဖြစ်သည်။

***သင်၏ စိတ်နှလုံးမျက်စိဖြင့် ယေရှုကို သင် ‘မြင်’ နေသည်ဟု ခံစားရပါသလား။***

***<u>ဘုရား</u>***

***အဘယ်ကြောင့် ယေရှုကို ‘မြင်တွေ့’ ပြီး ယုံကြည်ရန် ခက်ခဲသနည်း။ အဘယ်ကြောင့် တစ်ကမ္ဘာလုံးက ယေရှုကို ကြားပြီး ယုံကြည်ခြင်းမရှိသနည်း။***

သမ္မာကျမ်းစာတစ်အုပ်လုံးကို ကျွန်တော် ဖတ်သော အခါ၊ ဘုရားသခင် အလုပ်လုပ်တော်မူသည့် ပုံစံကို အံ့သြရသည်။ ကနဦးမှစ၍ ဘုရားသခင်က လူတိုင်းကို ညီတူညီမျှ ချစ်တော်မူသော်လည်း၊ တစ်ချို့က ဘုရားသခင်ကို *‘သိကျွမ်း’* ပြီး၊ တစ်ချို့က ကိုယ်တော်ကို သိကျွမ်းခြင်းမရှိခဲ့ကြပေ။ ထိုအရာကို ကျွန်ုပ်တို့ နားလည်ရန်၊ အဖြေရှာရန်နှင့် ရှင်းပြရန် မဖြစ်နိုင်ပေ။

မြေကြီးပေါ်၌ သခင်ယေရှု သွားလာ၊ ဟောပြောပြီး နိမိတ်လက္ခဏာ ပြုတော်မူခဲ့စဉ်ကလည်း ထို့အတူ ပင်ဖြစ်သည်။ လူတစ်ချို့က ကိုယ်တော့် ခြေတော်၌ ပြက်ဝပ်ကာ *'ကိုယ်တော်သည် သခင်ဘုရား ဖြစ်တော်မူသည်'* ဟုဆိုခဲ့ကြသည်။ တစ်ချို့က ကိုယ်တော့်ကို အထင်သေးခဲ့ကြသည်၊ ကိုယ်တော့်ကို ကဲ့ရဲ့ခဲ့ကြပြီး၊ ကိုယ်တော်၏ အခွင့်အာဏာကို စိန်ခေါ် ခဲ့ကြသည်။ မည်သို့ ဖြစ်နိုင်မည်နည်း။ လူတစ်ဦးက ခရစ်တော်ကို ကြည့်ပြီး၊ ဘုရားသခင်ကို မြင်တွေ့ကာ၊ တစ်ချိန်တည်းမှာပင် အခြားတစ်ဦးက ခရစ်တော်ကို ကြည့်ပြီး၊ လူအဖြစ်သာ အဘယ်သို့မြင်သနည်း။ ထိုအရာကို ကျွန်တော် မရှင်းပြနိုင်ပါ။

သို့သော် သခင်ယေရှု၏ အသက်တာနှင့် ဆုံးမဩဝါဒမှ ကျွန်တော် နားလည်ရသည့်အရာမှာ ကိုယ်တော်သည် မိမိကိုယ်ကို နက်နဲသိမ်မွေ့စွာ ဖော်ပြတော်မူခဲ့ကြောင်းဖြစ်သည်။ *အလွန်နက်နဲ သိမ်မွေ့စွာဖြစ်သည်။* လူတစ်ဦးက ကိုယ်တော်သည် 'ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်' ဖြစ်ကြောင်း အမှန်တကယ် 'မြင်တွေ့'သောအခါ၊ ထိုဗျာဒိတ်တော်က ထိုသူ၏ စိတ်နှလုံးအတွင်းထဲသို့ ရောက်ရှိခဲ့ပြီး၊ ထိုသူကို ထာဝရ ပြောင်းလဲစေခဲ့သည်။ သို့သော် ထိုဗျာဒိတ်တော်သည် အလွန်နက်နဲ၊ စင်ကြယ်ပြီး သိမ်မွေ့သောကြောင့် ကျွန်ုပ်တို့ အများစုမှာ သတိမပြုမိဘဲ ရှိတတ်သည်။ ကျွန်ုပ်တို့သည် အပေါ်ယံအသက်တာရှိ ဆူညံသံများနှင့် လိုအင်ဆန္ဒများဖြင့် စိတ်ပျံ့လွင့်လျက်ရှိသောကြောင့် ဘုရားသခင့်ထံမှ နက်နဲသည့်အရာများက ကျွန်ုပ်တို့ကို ဖြတ်ကျော်သွားတတ်သည်။

ထိုသမ္မာတရားကို ပုံဖော်ပြရန် သခင်ယေရှုက ပုံဥပမာတိုတစ်ပုဒ်ကို မိန့်တော်မူခဲ့သည်။ 'ကောင်းကင်နိုင်ငံတော်သည် လယ်၌ဝှက်ထားသောဘဏ္ဍာနှင့်

တူ၏၊ ထိုဘဏ္ဍာကိုတွေ့သောသူသည် တစ်ဖန်ဖုံး အုပ်၍၊ ဝမ်းမြောက်သောစိတ်နှင့် သွားပြီးလျှင်၊ ရ တတ်သမျှကို ရောင်း၍ ထိုလယ်ကို ဝယ်တတ်၏။'[3] ဟု ကိုယ်တော် မိန့်တော်မူခဲ့သည်။

***သခင်ယေရှုသည် ဘဏ္ဍာဖြစ်ကြောင်း သင် စတင် မြင်တွေ့လာနေသော်လည်း၊ သင့် ပတ်ဝန်းကျင်ရှိ လူများက ထိုသို့ မမြင်တွေ့ကြောင်း သင် ခံစား ရပါသလား။***

***<u>အသွေးတော်</u>***

သခင်ယေရှု၏ အကြောင်းသည် အလွန်ကောင်းမြတ် သည်။ ကျွန်ုပ်တို့ကို အပြစ်၊ 'အစွန်းအထင်း'မှ လွတ်မြောက်ခွင့်ပေးရန် ကိုယ်တော်သည် လောကသို့ ဆင်းသက်လာခဲ့ကြောင်း ကျွန်ုပ်တို့ ကြားသိရသည်။ ကျွန်ုပ်တို့၏ အနက်ရှိုင်းဆုံးသော အပြစ်များသည် အသွေးစွန်းထင်ကျန်ရစ်တတ်သည်ကို ကျွန်ုပ်တို့

[3]မဿဲ ၁၃:၄၄

သိကြသည်။ အကြမ်းဖက်မှုရှိသည့်နေရာ၊ မတော်မတရားပြုသည့်နေရာ၊ ကံဆိုးရာနေရာ၊ သေခြင်းရှိသည့်နေရာတို့တွင် လူ၏ အသက်အရင်းအမြစ်ဖြစ်သော အသွေး ကျဆင်းတတ်သည်။ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျွန်ုပ်တို့ လက်တွင် အသွေးပေတတ်သည်။ ကျွန်ုပ်တို့သည် ကျွန်စနစ်နှင့် မတော်မတရားမှုများနှင့် တည်ဆောက်ထားသည့် ကမ္ဘာမြေကြီးတွင် နေထိုင်ကြပြီး၊ ကျွန်ုပ်တို့အားလုံး သွေးစီးစေခဲ့သည် သို့မဟုတ် လူတို့ အသွေးဖြင့် ရင်းခဲ့သည့်၊ ခိုးယူရရှိသည့် ပစ္စည်းများကို အသုံးပြုကြသည်။ ၎င်းသည် အရှိအတိုင်းနှင့် နာလိုခံခက်သော အမှန်တရားဖြစ်သည်။ သို့သော် အသွေးစီးခြင်းသည် ကျွန်ုပ်တို့ ကမ္ဘာလောက မှောင်မိုက်ခြင်းနှင့် ဘုရားသခင် ထံမှ ကျွန်ုပ်တို့ ကင်းကွာခြင်း၏ အဓိကအချက်ဖြစ်သည်။

ထို့ကြောင့် သခင်ယေရှုသည် ဆင်းကြွလာပြီး၊ ထိုအပြစ်တရားနှင့် မှောင်မိုက်ထဲမှ ကျွန်ုပ်တို့ကို လွတ်မြောက်ခြင်း ပေးလိုတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ ခံစားခဲ့ရသော မှားယွင်းမှုများနှင့်

ကျွန်ုပ်တို့ ပြုခဲ့သော မှားယွင်းမှုများထဲမှ ကျွန်ုပ် တို့ကို လွတ်မြောက်ခြင်းပေးလိုသည်။ ကိုယ်တော်သည် စိတ်ဝိညာဉ်တိုင်း၊ နှလုံးသားတိုင်းနှင့် ကျွန်ုပ်တို့ နေထိုင်သောမြေကို ကျန်းမာစေပြီး၊ အကောင်း ပကတိအတိုင်း ပြန်ဖြစ်စေလိုသည်။ ***သခင်ယေရှု သည် ကျွန်ုပ်တို့၏အပြစ်ကို မိမိ၏ကိုယ်ခန္ဓာပေါ်သို့ ယူဆောင်ပြီး၊ ထိုအပြစ်နှင့်အတူ အသေသတ်ခြင်းကို ခံတော်မူခဲ့သည်။*** ထိုသို့ အလွန်ကောင်းမြတ်သည့် ဝိညာဉ်ရေးရာနည်းလမ်းဖြင့် 'ရွေးနှုတ်ကယ်တင်ခြင်း' နှင့် 'အပြစ်လွတ်ခြင်း'အတွက် လမ်းကို သခင်ယေရှု ဖွင့်ပေးတော်မူခဲ့ကြောင်း ကျွန်ုပ်တို့ ကြားသိရသည်။ 'အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏'[4] ဟု သမ္မာ ကျမ်းစာထဲမှ ကျမ်းပိုဒ်တစ်ပိုဒ်တွင် ဖော်ပြထားသည်။

သခင်ယေရှုသည် ကျွန်တော့်၏ အပြစ်နှင့်အရှက်ကို မိမိကိုယ်ပေါ်သို့ ယူဆောင်ပြီး ထိုအပြစ်အတွက် အသေခံတော်မူခဲ့သည်။ ကျွန်တော့်၏ အပြစ်နှင့်အတူ အသေခံခဲ့ပြီးနောက် သခင်ယေရှုသည် သေခြင်းမှ

---

[4] ၂ ကောရိန္သုဩဝါဒစာ ၅:၂၁

ထမြောက်တော်မူခဲ့သော်လည်း၊ ကျွန်တော့်၏ အပြစ်က ကိုယ်တော်နှင့်အတူ ပြန်ရှင်လာခြင်းမရှိပါ။ ကိုယ်တော်သည် ထိုအပြစ်ကို သင်္ချိုင်းဂူတွင် ချန်ထားခဲ့သည်။ သခင်ယေရှုသည် ကျွန်တော့်၏ အပြစ်ကို ယူဆောင်ခဲ့သည်၊ ထိုအပြစ်နှင့်အတူ အသေခံခဲ့သည်၊ ထို့နောက် ကျွန်တော့်အတွက် အပြစ်လွတ်ခြင်းနှင့် အသက်သစ်ဖြင့်သာ ပြန်လည်ထမြောက်တော်မူခဲ့သည်။

သခင်ယေရှု၏ အသွေးသည် ကျွန်ုပ်တို့၏ အပြစ်၏ အသွေးက ပြောသောအရာထက် 'သာ၍မြတ်သော အရာကို ပြောဆိုသည်' ဟု ကျမ်းစာမှ ကျမ်းပိုဒ်တစ်ပိုဒ်က ဆိုသည်။

ထိုအကြောင်းကြောင့် ကျွန်ုပ်တို့က သခင်ယေရှုကို ယုံကြည်ပြီး၊ ကိုယ်တော်၏ အပြစ်လွတ်ခြင်းကို လက်ခံသောအခါ၊ ကိုယ်တော် ပူဇော်ခဲ့သောအသွေး၊ 'သခင်ယေရှု၏အသွေးတော်' အတွက် ကျေးဇူးတင်ရသည်။

***ကိုယ်တော်၏ အသွေးတော်အားဖြင့် 'ဆေးကြောခြင်း'ကို သင်ခံယူလိုပါသလား။***

## ဝိညာဉ်တော်

ယေရှုသည် အသက်ရှင်တော်မူသည်။ ကိုယ်တော်သည် ကိုယ်ခန္ဓာတော်အားဖြင့် ကောင်းကင်နိုင်ငံတော်တွင် တည်ရှိတော်မူသည်။ တနေ့တွင် သင်သည် ကိုယ်တော်နှင့် 'မျက်နှာချင်းဆိုင်' တွေ့ရလိမ့်မည်။

သို့သော် ကိုယ်တော်သည် မြေကြီးပေါ်မှာ ထွက်ခွါ၍ ကောင်းကင်သို့ တက်ကြွတော်မူမည်အကြောင်း တပည့်တော်တို့ကို မိန့်တော်မူသောအခါ၊ ထိုအမှုအရာ၌ သူတို့သည် ဝမ်းမနည်းဘဲ ဝမ်းမြောက်သင့်ကြောင်း မိန့်တော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ထံသို့ ဆင်းသက်ပြီး သူတို့ 'အတွင်း'၌ ကျိန်းဝပ်တော်မူလိမ့်မည်ဟု ဆိုလိုသောကြောင့်ဖြစ်သည်။[5]

[5] ရှင်ယောဟန်ခရစ်ဝင် ၁၄:၁၇၊ ၂၆၊ ၂၈

မြေကြီးပေါ်၌ သခင်ယေရှု ရှိစဉ်အခါက၊ ကိုယ်တော်၌ လူသား၏ပုံသဏ္ဌာန်သာရှိခဲ့သည်။ သခင်ယေရှုက ရွာတစ်ရွာ၌ ရှိလျှင်၊ တခြားရွာ၌ မရှိပါ။ သခင်ယေရှုက ငြိမ်သက်ခြင်းပေးသော လက်တော်ကို လူတစ်ဦးအပေါ်၌ တင်သောအခါ၊ တခြားသူတစ်ဦး အပေါ်၌ တင်ခြင်းမရှိပါ။ ကိုယ်တော်၌ လူသား၏ ပုံသဏ္ဌာန်ရှိခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ နေရာနှင့်အချိန်၏ ကန့်သတ်ခြင်းကို ခံခဲ့ရသည်။

ကောင်းကင်သို့ သခင်ယေရှု တက်ကြွတော်မူသော အခါ၊ ကိုယ်တော်၏ ဝိညာဉ်တော်ဖြစ်သည့် *သန့်ရှင်းသောဝိညာဉ်တော်*သည် ယခုတွင် မြေကြီးတခွင်လုံး အပေါ်သို့ သွန်းလောင်းခြင်းကို ခံတော်မူသည်။ ဆိုလိုသည်မှာ သခင်ယေရှု၏ ပုဂ္ဂိုလ်တော်မြတ်နှင့် ငြိမ်သက်ခြင်းသည် တစ်ချိန်တည်း၌ ရွာတိုင်းတွင် ရှိနိုင်သည်၊ လူတိုင်း၏ စိတ်နှလုံးနှင့်အိမ်တွင် ရှိနိုင်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ နံဘေးတွင်သာ ရှိသည်မဟုတ်ဘဲ ကျွန်ုပ်တို့၏ "အတွင်း"၌ အမှန်တကယ် ကျိန်းဝပ်နိုင်တော်မူသည်ဟုလည်း ဆိုလိုသည်။

ယခုတွင် သခင်ယေရှုသည် ကျွန်ုပ်တို့ကို အပြစ်လွတ်ခြင်းနှင့် ထာဝရအသက်ပေးရန်အတွက် အသေခံပြီး၊ ပြန်လည်အသက်ရှင်ခြင်းတည်းဟူသော မြေကြီးပေါ်၌ လုပ်ဆောင်ရမည့်အမှုကို ဆောင်ရွက်ပြီးစီးခဲ့ပြီးနောက် ကောင်းကင်၌ ကိုယ်ခန္ဓာတော်အားဖြင့် အသက်ရှင်လျက် ရှိနေတော်မူသည်။ ယခုတွင် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်တော်နှင့် ဆက်သွယ်လျက်ရှိသည်။

သခင်ယေရှုကို ကျွန်ုပ်တို့ ယုံကြည်သောအခါ၊ ကိုယ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ထံသို့ ကြွလာတော်မူပြီး၊ ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့် စိတ်ဝိညာဉ်အတွင်း၌ ကျိန်းဝပ်တော်မူသည် – 'ငါတို့နှင့်အတူရှိတော်မူသော ဘုရားသခင်' ဖြစ်သည်။

***သခင်ယေရှုကို ယုံကြည်ပြီး၊ ကိုယ်တော်၏ သန့်ရှင်းတော်ဝိညာဉ်တော်ကို သင့် စိတ်နှလုံးနှင့် အသက်တာတွင် ရရှိလိုပါသလား။***

## ***ဖိတ်ခေါ်ခြင်း***

'ငါသည် တံခါးပေါက်ဖြစ်၏။ မည်သူမဆို ငါ့အားဖြင့် ဝင်လျှင် ကယ်တင်ခြင်းခံရမည်။' ဟု သခင်ယေရှု မိန့်တော်မူသည်။ (ယောဟန် ၁၀:၉)

***သင့်စိတ်နှလုံးနှင့် အသက်တာထဲသို့ ယေရှုကို ယခု သင်ဖိတ်ခေါ်လိုပါသလား။***

၎င်းသည် ဝိညာဉ်ရေးရာ ဆုံးဖြတ်ချက်ဖြစ်သည်။ သခင်ယေရှုထံသို့ သင့်အသက်တာကို ပေးအပ်ရာတွင် သင်၏အပြစ်ခွင့်လွှတ်ခြင်းနှင့် ထာဝရအသက်ကို သင်ရရှိလိမ့်မည်။ သခင်ယေရှုကို သိလာချိန်တွင် သင်သည် အသစ်သောလမ်းတွင် ရှိနေပြီး၊ ထိုလမ်းသည် 'မိုးစင်စင်လင်းသည့်တိုင်အောင် ပို၍ပို၍ ထွန်းလင်း' (သုတ္တံ ၄:၁၈) သည်။

သေခြင်းမှ အသက်ရှင်ခြင်းကြားရှိ တံတားကို သင် မည်သို့ ဖြတ်ကူးနိုင်ကြောင်းနှင့် ယေရှုခရစ်တော်ကို မည်သို့ သိနိုင်ကြောင်း ယခုဖော်ပြမည်။ 'လုပ်ဆောင်' ရမည့် အဓိကအရာနှစ်ခုရှိသည်။ ထိုအရာနှစ်ခုကို

အောက်တွင် ကျွန်တော်ဖော်ပြထားသည်။ ဖတ်ပြီး၊ သင့်စိတ်နှလုံးသားထဲမှ ‘ဆုတောင်း’နိုင် သည့် ဆုတောင်းပဌနာကို ကျွန်တော် ရေးထားသည်။

### ၁။ အပြစ်အတွက် နောင်တရခြင်း

သင့်အပြစ်အတွက် နောင်တရရန် လိုအပ်သည်။ မှန်ပါသည်၊ ၎င်းသည် ခက်ခဲသည့် အရာဖြစ် သော်လည်း သခင်ယေရှုက လုပ်ဆောင်စေလို သည့်အရာဖြစ်သည်။ ယခုတွင် *ငွေကိုတပ်မက် ခြင်း၊ ကိလေသာမက်မောခြင်း၊ လောဘလွန်ကျူး ခြင်း၊ မရိုးသားခြင်း၊ စွဲမက်ခြင်း၊ မတရားသော မေထုန်ပြုခြင်း၊ အပြာပုံကားချပ်များကို ကြည့်ခြင်း* အစရှိသည့် သင့်အသက်တာရှိ အပြစ်များမှ ဘုရားသခင်၏ ကူညီမစခြင်း အားဖြင့် လှည့်ထွက်ဖို့ ဆုံးဖြတ်ရန် လိုအပ်သည်။

အပြစ်အတွက်နောင်တရခြင်းသည် ‘စိတ်နှလုံး၏ ဆုံးဖြတ်ချက်’ ဖြစ်ပြီး၊ သင့်အသက်တာနှင့် အိမ်တွင် အချိန်ကာလကြာမြင့်စွာ တဖြည်းဖြည်း တွေ့ရှိရသင့်သည့်အရာဖြစ်သည်။

ဖြတ်တောက်ပစ်ရန်၊ ပြောဆိုဆက်သွယ်ရန်၊ စွန့်ပစ်ရန်၊ ပိတ်လိုက်ရန်၊ ပေးလိုက်ရန် လိုအပ်သည့်အရာများ ရှိလာပေလိမ့်မည်။ ယခု သင်နောင်တရပြီး 'လှည့်ထွက်'ရန်ဆုံးဖြတ်ပါက (၎င်းသည် 'နောင်တရခြင်း'၏ အဓိပ္ပါယ်ဖြစ်သည်)၊ နောက်တဆင့်အတွက် မှန်ကန်သည့်လမ်းကြောင်း ဘက်သို့ သင်ရွေ့ရှုနေသည်။

## ၂။ *ယေရှုခရစ်တော်ကို ယုံကြည်ခြင်း*

စစ်မှန်သည့် ဆက်ဆံရေးတိုင်း၌ ယုံကြည်မှု၏ အရေးပါမှုနှင့် 'အမှန်တရား'ကို အထက်၌ ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည်။ ယေရှုသည် ကိုယ်တော်ကို 'ယုံကြည်'ရန် ကျွန်ုပ်တို့ကို ခေါ်တော်မူသည်။ ယေရှုသည် ဤ*ယုံကြည်ခြင်းခြေလှမ်း*ကို လှမ်းရန်နှင့် ကိုယ်တော်ကို ယုံကြည်ကြောင်း ကြေငြာရန် ကျွန်ုပ်တို့ကို ခေါ်တော်မူသည်။ သင့်ကိုယ်ပိုင်ဆုတောင်းချက်အဖြစ် အသုံးပြုရန်အတွက် ဆုတောင်းပဌနာကို ဤအောက်တွင် ကျွန်ုပ်

ရေးသားထားသည်။ ဤဆုတောင်းပဌနာသည် သင့် စိတ်နှလုံးမှ ထွက်ပေါ်လာရန် ဖြစ်ပြီး၊ အစစ်အမှန်ဖြစ်ရမည်။

သင့်အပြစ်မှ အမှန်တကယ်နောင်တရပြီး ယေရှုခရစ်တော်ကို သင် ယုံကြည်ပါက၊ ဤအချိန်တွင် ကိုယ်တော်သည် သင့်စိတ်နှလုံးသားထဲသို့ သန့်ရှင်းသောဝိညာဉ်တော်ကို ထည့်သွင်းပေးမည်၊ သင့် အပြစ်ကိုခွင့်လွှတ်မည်၊ ပြီးလျှင် သင့်အမည်ကို ကောင်းကင်စရင်း၌ တည့်သွင်းရေးသားလိမ့်မည်။

## ဆုတောင်းပဌနာ

***ချစ်လှစွာသော သခင်ယေရှုဘုရား၊ ကျွန်တော်/မကို ချစ်တော်မူသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ ကျွန်တော်/မ၏ အပြစ်အတွက် အသေခံတော်မူသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ ကျွန်တော်/မကို အပြစ်လွှတ်ပြီး၊ ထာဝရ အသက်ပေးသနားတော်မူသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။***

ယနေ့ ကျွန်တော်/မ၏ အပြစ်အတွက် နောင်တရပြီး ကိုယ်တော့်ကို ယုံကြည်ကိုးစားပါ၏။ ကျွန်တော်/မ၏ အပြစ်ကို ခွင့်လွှတ်တော်မူပြီး၊ ကိုယ်တော်၏ သန့်ရှင်း သောဝိညာဉ်တော်ကို ကျွန်တော်/မ အတွင်းသို့ သွန်း လောင်းတော်မူပါ။

သခင်ဘုရား၊ ကျွန်တော်/မ၏ အပြစ်ကို ခွင့်လွှတ် တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ သခင်ယေရှု ဘုရား၊ ကျွန်တော်/မကို ကယ်တင်တော်မူ သောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ ယခုတွင် ကျွန်တော်/မသည် သစ္စာနှင့်ပြည့်စုံသောသူ ဖြစ်ရန်နှင့် ကိုယ်တော်ကို မျက်နှာချင်းဆိုင် မတွေ့ ရမချင်း၊ ကျွန်တော်/မ အသက်ရှင်သည့် နေ့ရက် တိုင်းတွင် ကိုယ်တော့်နောက်သို့ လိုက်နိုင်ရန် မစ တော်မူပါ။ သခင်ယေရှု၏ နာမ၌ ဆုတောင်းပါ၏။ အာမင်။

***အသစ်သောအသက်တာ***

ဤယုံကြည်ခြင်းခြေလှမ်းကို သင်လှမ်းခဲ့ပြီးပါက၊ သင်သည် ကယ်တင်ခြင်း ခံရပြီဖြစ်သည်။ သင်၏ အပြစ် ခွင့်လွှတ်ခြင်းခံရပြီဖြစ်သည်။ သင်သည် 'အသစ်သောသတ္တဝါ' ဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ သမ္မာတရားဖြစ်သည်။ ဤအရာသည် ယေရှု၏ သတင်းစကားဖြစ်သည်။

မွေးဖွားခါစ 'ယုံကြည်သူ'အသစ် တစ်ဦးအနေဖြင့်၊ သမ္မာကျမ်းစာကို နေ့စဉ်ဖတ်ရန်နှင့် မိနစ်အနည်းငယ် ယူ၍ သခင်ယေရှုထံ ဆုတောင်းရန် သင့်အတွက် အရေးကြီးသည်။ ခရစ်ယာန်အသင်းတော်ကောင်း တစ်ခုတွင် တက်ရောက်ရန်လည်း သင့်အတွက် အမှန်တကယ် အရေးကြီးသည်။ သို့မှသာ သင်၏ ယုံကြည်ခြင်းကြီးထွားလာပြီး၊ အခြားယုံကြည်သူ တို့၏ အားပေးမှုအားဖြင့် သင် ကြီးထွားလာမည် ဖြစ်သည်။

သင့်ထံ၌ သမ္မာကျမ်းစာမရှိပါက၊ ကျမ်းစာတစ်အုပ်ကို ဝယ်ယူရန် (သို့) ငှါးရမ်းရန် ကျွန်တော် အကြံပေးလို

သည်။ အင်တာနက်စာမျက်နှာ၌ (သို့) စာအုပ်ဆိုင်များတွင် ရှာပါ။

ကျွန်တော်လုပ်ဆောင်သည့်အရာမှာ တစ်နေ့လျှင် အခန်းကြီးတစ်ခန်းဖတ်ခြင်း ဖြစ်သည်။ ရှင်လုကာ ခရစ်ဝင်ကျမ်းကို သင် စဖတ်နိုင်သည်။ ထို့နောက် ဆက်၍ ဖတ်ပါ။

ယုံကြည်စိတ်ချရသည့် အသင်းတော်ကောင်းတစ်ခုကို ရှာပါ။ သင်ဆုံးဖြတ်ရာတွင် သခင်ယေရှုဘုရားထံ ဆုတောင်းပါ။ သင်သိပြီး ယုံကြည်စိတ်ချရသော ခရစ်ယာန်တစ်ယောက်ကို မေးပါ။ တစ်ပတ်တခါ ဘုရားကျောင်းခြင်းကို ဦးစားပေးပါ၊ သခင်ဘုရား အတွက် 'ယဇ်ပူဇော်ခြင်း' ဖြစ်စေပါ။ ထိုသို့ လုပ်ဆောင်ရန်အတွက် သင့် အချိန်ဇယား၊ သင့် ငွေကြေးကိုင်တွယ်မှုကို ပြောင်းလဲရကောင်း ရပေမည်။ *ထိုအရာအတွက် ဘုရားသခင်က သင့်ကို ချီးမြှောက်တော်မူလိမ့်မည်။*

ကျွန်တော် သင့်ထံမှ တုန့်ပြန်မှုကို ကြားလိုပါသည်။ ဤယုံကြည်ခြင်းခြေလှမ်းကို သင်လှမ်းခဲ့ပါက၊

အောက်ပါ ကျွန်တော့် အင်တာနက်စာမျက်နှာ မှတဆင့် အီးမေးလ်ပေးပို့ခြင်းဖြင့် ကျွန်တော့်ကို အသိပေးပါ။ သင်နှင့်အတူ ကျွန်တော် ဝမ်းမြောက်လို ပြီး သင့်အတွက် ဆုတောင်းပေးလိုသည်။

မိတ်ဆွေ၊ ညီအစ်ကို မောင်နှမတို့ကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ မိသားစုပြန်လည်တွေ့ဆုံ ပွဲတွင် ကျွန်ုပ်တို့ပြန်ဆုံသည့်အချိန်အထိ၊ ဘုရားသခင် သည် သခင်ယေရှု၏နာမဖြင့် သင့်ကို ကောင်းကြီး ပေးပါစေ၊ ကွယ်ကာပါစေ၊ တိုးတက်ကြီးပွားစေပါ။

နောက်ထပ် ဖတ်စရာများအတွက်၊ အောက်တွင် ဖော်ပြထားသော ကျွန်တော့်၏ ဝဘ်ဆိုဒ်တွင် ဝင်ကြည့်ပါ။

www.1peter1three.weebly.com

*'ထာဝရဘုရားသည် သင့်ကိုကောင်းချီးပေး၍ စောင့် ထိန်းတော်မူပါစေသော။ ထာဝရဘုရားသည် သင့် အပေါ် မျက်နှာတော်အလင်းကို ထွန်းလင်းစေ၍ ကရုဏာသက်တော်မူပါစေသော။ ထာဝရဘုရားသည်*

***သင့်ဘက်သို့ မျက်နှာတော်ကို လှည့်၍ သင့်အား ငြိမ်းချမ်းမှုကိုပေးတော်မူပါစေသော။'***
တောလည်ရာကျမ်း ၆:၂၄-၂၆

***<u>ကိုးကားထားသော ကျမ်းချက်များ</u>***

***ဘုရားသခင်က ကျွန်ုပ်တို့ကို ကိုယ်တော့်ထံလာရန် တောင်းဆိုခြင်း။ ။*** ၂ ကောရိန္သုသြဝါဒစာ ၅:၂၀
***ခရစ်တော်၊ ကိုယ်တော်၏ နှုတ်ကပတ်တော်၊ ကိုယ်တော်၏ဝိညာဉ်တော်ကိုသာ သိခြင်း။ ။*** ၁ ကောရိန္သုသြဝါဒစာ ၂:၂-၃
***သမ္မာကျမ်းစာကို မှတ်သွင်းခြင်းနှင့် လွဲမှားစွာ အသုံးပြုခြင်း။ ။*** ဟေဗြဲသြဝါဒစာ ၄:၁၂၊ ယေရမိ အနာဂတ္တိကျမ်း ၂၉:၁၃ (ရှင်မဿဲခရစ်ဝင် ၄:၁-၁၁နှင့် ၂ ကောရိန္သုသြဝါဒစာ ၄:၂တို့ကိုလည်း ကြည့်ပါ)
***ကျောင်းပညာမတတ်သည့် နှုတ်ကပတ်တော်ကို ရေးသားသူများ။ ။*** တမန်တော်ဝတ္ထု ၄:၁၃

***ယေရှု၏ အစိပ္ပါယ်မှာ 'ထာဝရဘုရား ကယ်တင်တော်မူသည်' ဟူ၍ဖြစ်သည်။ ။*** ရှင်မဿဲခရစ်ဝင် ၁:၂၁

***ယေရှုသည် လူ့ပုံသဏ္ဍာန်ယူဆောင်ထားသည့် ဘုရားသခင်။ ။*** ဟေရှာယအနာဂတ္တိကျမ်း ၇:၁၄/ ရှင်မဿဲခရစ်ဝင် ၁:၂၃၊ ဟေရှာယအနာဂတ္တိကျမ်း ၉:၆/ ရှင်ယောဟန်ခရစ်ဝင် ၁:၁–၅၊ ၉၊ ၁၄၊ ရှင်ယောဟန်ခရစ်ဝင် ၈:၅၈/ထွက်မြောက်ရာကျမ်း ၃:၁၄၊ ရှင်ယောဟန်ခရစ်ဝင် ၁၀:၃၀၊ ၁၄:၉၊ ၉:၃၈/ ရှင်မဿဲခရစ်ဝင် ၁၄:၃၃/ထွက်မြောက်ရာကျမ်း ၂၀:၅၊ ရှင်ယောဟန်ခရစ်ဝင် ၅:၄၆၊ ကောလောသဲဩဝါဒစာ ၁:၁၅–၂၀၊ ဟေဗြဲဩဝါဒစာ ၁:၃၊ ဖိလိပ္ပိဩဝါဒစာ ၂:၆–၁၁၊ ဇာခရိအနာဂတ္တိကျမ်း ၁၄:၉/ တမန်တော်ဝတ္ထု ၄:၁၂၊ ဗျာဒိတ်ကျမ်း ၁:၁၃–၁၈

***အပြစ်ခွင့်လွှတ်ရန်နှင့် ထာဝရအသက်ပေးရန် သခင်ယေရှု၏ ရည်ရွယ်ချက်။ ။*** ရှင်လုကာခရစ်ဝင် ၅:၂၄၊ ရှင်ယောဟန်ခရစ်ဝင် ၁၁:၂၅–၂၆၊ ၄:၁၃–၁၄

***နားလည်ရန်မဖြစ်နိုင်သော ဗျာဒိတ်တော်။ ။*** ရှင်ယောဟန်ခရစ်ဝင် ၆:၃၇၊ ၆၅၊ ရှင်မဿဲခရစ်ဝင် ၁၆:၁၆–၁၈၊ ရောမဩဝါဒစာ ၁၁:၃၃–၃၆၊ ဟေရှာယအနာဂတ္တိကျမ်း ၅၅:၈–၉၊ ဆာလံကျမ်း ၃၆:၉၊ ၂

ကောရိန္သုဩဝါဒစာ ၄:၆၊ ရှင်ယောဟန်ခရစ်ဝင် ၄:၂၄၊ ၆:၆၃

***ခရစ်တော်ကို ယုံကြည်ခြင်း။*** ။ ရှင်ယောဟန်ခရစ်ဝင် ၇:၃၇–၃၈၊ ၁၁:၂၅–၂၆၊ ၉:၃၅၊ ရှင်မဿဲခရစ်ဝင် ၁၁:၂၈–၃၀၊ ရှင်လုကာခရစ်ဝင် ၅:၂၄၊ ၁၀:၂၀၊ ရှင်ယောဟန်ခရစ်ဝင် ၁၀:၉၊ ၅:၃၉–၄၀၊ ၁၅:၁၃–၁၅

***မြင်ရခြင်းသည် ယုံကြည်ခြင်း <u>မဟုတ်ပါ</u>။*** ။ ရှင်ယောဟန်ခရစ်ဝင် ၁၁:၄၅၊ ၅၃၊ ရှင်မဿဲခရစ်ဝင် ၂၆:၅၆၊ ရှင်မာကုရစ်ဝင် ၁၅:၂၅ (နံနက်ကိုးနာရီ)၊ ရှင်ယောဟန်ခရစ်ဝင် ၂၀:၂၉၊ ၂ ကောရိန္သုဩဝါဒစာ ၄:၆၊ ၅:၇၊ ၁ ရှင်ယောဟန်ဩဝါဒစာ ၃:၂၊ ၁ ကောရိန္သုဩဝါဒစာ ၁၃:၁၂

***ဘုရားသခင်သည် လူသားအားလုံးကို ညီတူညီမျှ ချစ်တော်မူသည်။*** ။ ၂ ရှင်ပေတရုဩဝါဒစာ ၃:၉၊ ၁ တိမောသေဩဝါဒစာ ၂:၄၊ ရှင်မဿဲခရစ်ဝင် ၁၈:၁၄၊ ရှင်ယောဟန်ခရစ်ဝင် ၃:၁၆

***ခရစ်တော်ကို ကိုးကွယ်ခြင်းနှင့် ခရစ်တော်ကို ငြင်းပယ်ခြင်း။*** ။ ရှင်ယောဟန်ခရစ်ဝင် ၉:၃၈၊

ရှင်မဿဲခရစ်ဝင် ၁၄:၃၃၊ ရှင်ယောဟန်ခရစ်ဝင် ၁၀:၂၀၊ ၂ ကောရိန္သုသြဝါဒစာ ၅:၁၆

***နက်နဲသိမ်မွေ့သော ဗျာဒိတ်တော်။*** ***။*** ရှင်မဿဲခရစ်ဝင် ၁၆:၂၀၊ ရှင်မာကုခရစ်ဝင် ၁:၂၄၊ ၃၄၊ ၄၄၊ ရှင်မာကု ခရစ်ဝင် ၄:၁၁၊ ဟေရှာယအနာဂတ္တိကျမ်း ၆:၉၊ ၂ ကောရိန္သုသြဝါဒစာ ၅:၁၆၊ ဆာလံကျမ်း ၄၂:၇၊ ရှင်မဿဲခရစ်ဝင်ကျမ်း ၁၃:၄၄

***အသွေးတော်နှင့် ခရစ်တော်၌ လွတ်မြောက်ခြင်း။*** ***။*** ဟေရှာယအနာဂတ္တိကျမ်း ၁:၁၈၊ ဆာလံကျမ်း ၂၅:၁၅၊ ၂ ကောရိန္သုသြဝါဒစာ ၅:၁၇၊ ဂလာတိသြဝါဒစာ ၂:၂၀၊ ရှင်လုကာခရစ်ဝင် ၄:၁၈/ ဟေရှာယအနာဂတ္တိကျမ်း ၆၁:၁၊ ၄၂:၃၊ ၂ ရာဇဝင်ချုပ် ၇:၁၄၊ ၂ ကောရိန္သုသြဝါဒစာ ၅:၂၁၊ ဟေဗြဲသြဝါဒစာ ၉:၂၂၊ ၁၂:၂၄

***ဝိညာဉ်တော်။*** ***။*** ရှင်ယောဟန်ခရစ်ဝင် ၁၄:၁-၄၊ ဗျာဒိတ်ကျမ်း ၁:၁၃-၁၈၊ ၁ ကောရိန္သုသြဝါဒစာ ၁၃:၁၂၊ ရှင်ယောဟန်ခရစ်ဝင် ၁၄:၁၇၊ ၂၆၊ ၂၈

***ဖိတ်ခေါ်ခြင်းနှင့် အသစ်သောအသက်တာ။*** ။ ဖေက်ဆုပြဲ ဝါဒစာ ၁:၁၃–၁၄၊ ကောလောသဲဩဝါဒစာ ၁:၂၇၊ သုတ္တံကျမ်း ၄:၁၈၊ ရှင်ယောဟန်ခရစ်ဝင် ၅:၂၄၊ ရှင်မာကုခရစ်ဝင် ၁:၁၅၊ ရှင်မဿဲခရစ်ဝင် ၃:၈၊ တမန်တော်ဝတ္ထု ၃:၁၉၊ ရောမဩဝါဒစာ ၁၀:၉၊ ရှင်လုကာခရစ်ဝင် ၁၀:၂၀၊ ၂ ကောရိန္သုဩဝါဒစာ ၅:၁၇၊ ဟေဗြဲဩဝါဒစာ ၁၀:၂၅၊ ဆာလံကျမ်း ၁၊ ယောရှုမှတ်စာ ၁:၉၊ ဟေဗြဲဩဝါဒစာ ၄:၁၂/ ၂ တိမောသေဩဝါဒစာ ၃:၁၆